# ဖွဲ့စည်းပုံဥပဒေကို

# အားနာကြစမ်းပါ

နိုင်ငံရေးလူမှုရေးဆောင်းပါးများ

သရဝဏ် (ပြည်)



## စာရေးသူ၏ အမှာစာ

ကျွန်တော်၏ စာဖတ်ပရိသတ်များသည် face book မှာရော၊ ဂျာနယ်မှာရော ရှိကြလေ သည်။ ကျွန်တော်သည် News Watch (စောင့်ကြည့်သတင်းဂျာနယ်)၊ ဟစ်တိုင်ဂျာနယ်၊ The Venus News ဂျာနယ် စသည့်ဂျာနယ်များတွင် အပတ်စဉ်ဆောင်းပါးများ ရေးသားလေ့ရှိပြီး ဂျာ နယ်တွင် ပါလာသောဆောင်းပါးများကိုလည်း ကျွန်တော်၏ ဖေ့(စ်)ဘွတ်စာမျက်နှာ www. Facebook.com/konyi.tharawon တွင် အမြဲတင်လေ့ရှိပါသည်။ ရည်ရွယ်ချက်မှာ နိုင်ငံခြားသို့ ရောက်နေသော ကျွန်တော့်စာဖတ်ပရိသတ်များ၊ ဂျာနယ်ဝယ်ယူရန်လက်လှမ်းမမီသောနေရာသို့ ရောက်ရှိနေကြသော ပြည်တွင်းစာဖတ်ပရိသတ်ကိုရည်ရွယ်၍ online တင်ပေးခြင်းဖြစ်သည်။ ထို သို့ ဖေ့(စ်)ဘွတ်တင်နိုင်ရန် တကူးတကတော့ ကွန်ပျူတာစာစီစာရိုက်မလုပ်ရပါ။ ကျွန်တော်သည် နဂိုတည်းက စာရေးလျှင် ကလောင်တံဖြင့်မရေးဘဲ လက်တော့(ပ်)ကွန်ပျူတာဖြင့် ရေးနေသည်မှာ ကြာခဲ့ပြီ။ စာမူပို့လျှင်လည်း ကျွန်တော်ရေးနေကျ ဂျာနယ်တိုက်များသို့ E.mail ဖြင့်သာပို့လေ့ရှိပါ သဖြင့် သွားရလာရသော ဒုက္ခမှကင်းဝေးကာ အချိန်ကုန်သက်သာအောင် စီမံထားပါသည်။ အချို့ ဂျာနယ်တိုက်များကတော့ အိမ်သို့ စာမူလာယူပါသည်။ ထိုသို့ အွန်လိုင်းတွင် တင်ထားသောစာမူ များကို ဖတ်ရသော စာဖတ်ပရိသတ်က ကျွန်တော့်ဆောင်းပါးများကို စုစည်းကာ ဆောင်းပါးပေါင်း ချုပ်ထုတ်ဝေရန် မကြာခဏ အကြံပေးတောင်းဆိုလေ့ရှိပါသည်။

ကျွန်တော်လည်း အခါအခွင့်သင့်လျှင် သင့်သလို ဆောင်းပါးပေါင်းချုပ်များကို ထုတ်ဝေခဲ့ရာ ၂၀၁၃ တွင် ဒီမိုကရေစီသို့

အိပ်ဖွင့်ပေးစာ၊ တိဗက်ဘုန်းတော်ကြီး ဒလိုင်းလားမား၏ အတ္ထုပ္ပတ္တိစာ အုပ်များကို ကုံကော်ဝတ်ရည်စာအုပ်တိုက်မှလည်းကောင်း၊ မှောင်ထဲကအလံတော်၊ ကျွန်တော်တို့ ဟိုကားကြည့်ခဲ့ကြစဉ်က ဟာသဝတ္ထုများကို ရတနာပုံစာအုပ်တိုက်နှင့် ရွှေခြယ်စာပေတို့မှလည်း ကောင်း ထုတ်ဝေခဲ့ပါသည်။ ၂၀၁၄တွင်မူ ရွှေခြယ်စာပေမှ တစ္ဆေ ခေါ်လာသောဇည့်သည်၊ ကုံ ကော်ဝတ်ရည်စာအုပ်တိုက်မှ အာဖဂန်နစ္စတန်တွင် ဗုဒ္ဓသာသနာကွယ်ပျောက်သွားရခြင်းအ ကြောင်း၊ စစ်မတိုက်မီစကားပြောသော ယဉ်ကျေးမှု၊ ကောသလအိပ်မက်တစ်ဆယ့်ခြောက်ချက်နှင့် မြန်မာ့နိုင်ငံရေးစာအုပ် လေးအုပ်ကို ထုတ်ဝေခဲ့ပါသည်။ ယခု မြန်မာ့ခေတ်စာအုပ်တိုက်မှထုတ်ဝေ သော “သမိုင်းကို ဘယ်သူရေးသလဲ” စာအုပ်သည် ၂၀၁၄ အတွက် ကျွန်တော်၏ ပဉ္စမမြောက်စာ အုပ် ဖြစ်ပေလိမ့်မည်။ ထိုသို့ စာအုပ်များထုတ်ဝေနေသော်လည်း အချို့သည် ကျွန်တော်စာအုပ် ထွက်တာကို မသိပါ။ စာအုပ်များ သူတို့ဆီမရောက်ပါဟုဆိုသူများလည်း ရှိပေသည်။ မြန်မာနိုင်ငံ သည် ရေးသူကလည်းရေး၊ ထုတ်သူကလည်းထုတ်၊ ဖတ်သူကလည်းဖတ်ချင်ပါလျက် နေရာအနှံ့ သို့ စာအုပ်များ ပျံ့ပျံ့နှံ့နှံ့ မရောက်ရှိခြင်းမှာ အခက်အခဲကြီးတစ်ရပ်ဖြစ်နေပါသည်။ အဓိကအချက် မှာ ခေတ်မီ၍ ထိရောက်သောစာအုပ်ဖြန့်ချိရေး စနစ်တစ်ခုမရှိခဲ့၍ ဖြစ်သည်။ မြို့တိုင်းမြို့တိုင်း ရပ်ကွက်တိုင်း ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်းတွင် ကုန်စုံဆိုင်တွေရှိသလို စာအုပ်အရောင်းဆိုင်တွေရှိပါမူကား လူဦးရေ (၅၁)သန်းရှိသော နိုင်ငံငယ်စာအုပ်တစ်အုပ်ထုတ်လျှင် စောင်ရေသောင်း နှင့်သိန်းနှင့်ချီ၍ ရောင်းရပေလိမ့်မည်။ ထိုအခါ ရေမြင့်လျှင် ကြာတင့်သည်ဆိုသည့်စကားလို စာပေ ထုတ်ဝေသူများသည် စာရေးဆရာများကို စာမူခချီးမြှင့်ငွေပိုမိုပေးနိုင်ပေလိမ့်မည်။ စာရေးဆရာများ ကလည်း စို့စို့ပို့ပို့ရသဖြင့် မိသားစုစားဝတ်နေရေး မပူမပန်ရတော့ဘဲ စာကောင်းပေမွန်များကို စိတ် ဖြောင့်ဖြောင့် ဖန်တီးနိုင်ပေလိမ့်မည်။ နိုင်ငံတကာမှာလို စာရေးဆရာတစ်ယောက်၏

စာအုပ်အသစ် ထွက်သောနေ့တွင် စာဖတ်ပရိသတ်သည် လူတန်းရှည်ကြီးဖြစ်အောင် စောင့်ဆိုင်းဝယ်ယူကြသော မြင်ကွင်းမျိုးကို မြန်မာနိုင်ငံတွင်လည်း မြင်လိုတွေ့လိုလှပါသည်။ ယခုတော့ မြန်မာစာရေးဆရာ များသည် မငတ်ရုံတမယ်ကြဲဖန် ရှင်သန်နေထိုင်ကြရပါသည်။ မိသားစုဝင်ငွေရစေရန် ကိုယ်ဝါသနာ မပါသော အယ်ဒီတာ၊ စာပြင်၊ ဝန်ထမ်း၊ ဈေးသည် စသော second job များကို ဝင်ရောက်လုပ် ကိုင်နေကြရပါသည်။

သို့သော် စာပေအနုပညာသည် အပေါ်ထပ်အဆောင်အအုံဖြစ်သည်။ အခြေခံလိုအပ်ချက် ဖြစ်သော စားဝတ်နေရေး၊ ရေပေးဝေရေး၊ လျှပ်စစ်ဖြန့်ဖြူးရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေးကွက်လပ်များကို ဖြည့်စရာများလှသည်။ ထိုချိုင့်ခွက်များကို ဖြည့်ပြီးလျှင်မူကား စာပေ အနုပညာသည် မြန်မာနိုင်ငံဝယ် ယခုထက်မက ထွန်းတောက်လာကောင်းပါသည်။ နိုင်ငံတစ်ခုကြီး ပွားတိုးတက်ဖို့ဆိုလျှင် ကာယအလုပ်သမားများချည်း ပေါများနေရုံဖြင့် မဖြစ်နိုင်၊ အသိပညာဗဟု သုတဖြင့် ပြည့်စုံသော ဉာဏသမားများလည်း မဖြစ်မနေရှိဖို့ လိုအပ်လေသည်။ လူမျိုးတစ်မျိုးကြီး ပွားမြင့်တက်ဖို့ဆိုလျှင် ထိုနိုင်ငံသူနိုင်ငံသားများ စာဖတ်ခြင်း၊ အလေ့အထကို မဖြစ်မနေမြင့်မား လာအောင် လုပ်ရပေလိမ့်မည်။ ပညာဉာဏ်ဗဟုသုတဖြင့်သာလျှင် အနက်ရှိုင်းဆုံးသို့ကျနေခဲ့ပြီး သော လူနေမှုအဆင့်ကို ပြန်လည်မြှင့်တင်ပေးနိုင်လိမ့်မည်။ စာဖတ်သောလူနှင့် မဖတ်သောလူ သည် ရေရှည်တွင် ကွဲပြားသိသာသကဲ့သို့ စာဖတ်သောလူမျိုးနှင့် စာမဖတ်သောလူမျိုးတို့သည် လည်း ရေရှည်တွင် အဘက်ဘက်က ကွဲပြားသွားပေလိမ့်မည်။ စာမဖတ်သောခေါင်းဆောင်များ အုပ်ချုပ်သည့် နိုင်ငံသည် မျိုးချစ်စိတ်မှတစ်ပါး ဘာမှမပါသောလှည်းအို၊ နွားအိုကြီးဆွဲနေသော အနေးယာဉ်ကို လမ်းကြမ်းတွင် စီးနေရသလိုရှိပြီး၊ စာဖတ်သောခေါင်းဆောင်များအုပ်ချုပ်သော နိုင်ငံသည် နောက်ဆုံးပေါ် မာစီဒီးဘင့်ကို နိုင်လွန်ကတ္တရာလမ်းပေါ်တွင် စီးကာ ငြိမ့်ငြိမ့်ညောင်း ညောင်းနှင့် လိုရာသို့ မြန်မြန်သက်သာစွာသွားရသကဲ့သို့ ရှိသည်ဟု

ကျွန်တော်ထင်မြင်ပါသည်။ အနာဂတ်မြန်မာနိုင်ငံသည် စာဖတ်သောခေါင်းဆောင်များနှင့် စာဖတ်သောပြည်သူများ၏ လက် ဝယ်တွင် တည်ရှိပါစေသတည်း။ အမိမြေ၏ အနာဂတ်သည် လင်းလက်တောက်ပနေပါစေ သတည်း။

**သရေဝဏ်(ပြည်)**

**၂၂ စက်တင်ဘာ ၂၀၁၄**

*

## ရေစုန်လား ရေဆန်လား

“စာတစ်ပုဒ်ရေးလိုက်တဲ့အခါ စာမူခရဖို့ပဲလည်း ရည်မှန်းချက်ထားပြီး မရေးဘူး။ နာမည်ကြီး ပါစေလို့လည်း ရည်မှန်းချက်ထားပြီးမရေးဘူး။ ဆိုင်ဆိုင်မဆိုင်ဆိုင် အစိုးရကို ဆော်လိုက်မယ်လို့ လည်း ရည်မှန်းချက်မထားဘူး။ လူတွေကို ပညာတွေပေးလိုက်မယ်လို့လည်း ရည်မှန်းချက်မထား ဘူး။ အယ်ဒီတာကို ဖတ်လိုက်မယ်လို့လည်း ရည်မှန်းချက်မထားဘူး။ NLD ကို ဖားလိုက်မယ်လို့ လည်း စိတ်ကူးမရှိဘူး။ ကိုယ်ရေးလိုက်တဲ့ စာလေးတစ်ပုဒ် ဖတ်လို့ကောင်းပါစေဆိုတဲ့ ရည်မှန်း ချက်၊ လူညစ်ပတ်တွေကို မီးမောင်းထိုးပြချင်တဲ့ ရည်မှန်းချက်၊ မြန်မာနိုင်ငံကြီး တိုးတက်စေချင်တဲ့ ရည်ရွယ်ချက်၊ အဓမ္မကို တွန်းလှန်နိုင်ရမယ်ဆိုတဲ့ လောကသစ္စာပေါ်ပေါက်ရေး ရည်မှန်းချက်ပဲ ရှိ ပါတယ်”

အထက်ပါစကားများမှာ ကျွန်တော်စာရေးရာတွင် နာမည်ကြီးချင်၍ အယ်ဒီတာအကြိုက် လိုက်ကာ NLD ကိုဖားပြီး အစိုးရမကောင်းကြောင်းများရေးနေသည်ဟု စွပ်စွဲလာသူတစ်ဦးကို ပြန် လည်ရှင်းပြသော စာတစ်ပိုဒ်ဖြစ်သည်။ ကျွန်တော်တို့ စာရေးဆရာများသည် ယခုမှသာမဟုတ် ယခင်အတိတ်ကာလများကလည်း ဤသဘောထားခံယူချက်မျိုး ရှိခဲ့ဖူးသည်။ အမေရိကန်ပြည် ထောင်စုနှင့် ကွန်မြူနစ်မြောက်ဗီယက်နမ် စစ်ဖြစ်သောအခါ မြန်မာပြည်မှစာရေးဆရာ ကဗျာဆရာ အားလုံးလိုလိုသည် ဗီယက်နမ်စစ်ပွဲတွင် ပါဝင်ပတ်သက်နေသော အမေရိကန်အစိုးရကို ဆန့်ကျင် ရေးသားခဲ့ကြပါသည်။ ဤအဖြစ်အပျက်တွင် ကွန်မြူနစ်ဗီယက်နမ်များကို ဖားချင်၍ ၊ အမေရိကန် ကို ဆော်ချင်၍ မဟုတ်။ အမှန်နှင့်အမှား၊ ဓမ္မနှင့် အဓမ္မကို စဉ်းစားကြည့်သောအခါ ဗီယက်နမ်သည် သူ့မြေ၊ သူ့ရေကို

ကာကွယ်စစ်ဆင်ရခြင်းဖြစ်သည်။ အမေရိကန်စစ်တပ်သည် ကမ္ဘာ့အနောက်ခြမ်း မှ ပင်လယ်သမုဒ္ဒရာကိုဖြတ်၍ ရေခြားမြေခြားအထိ သူများနိုင်ငံတွင် ဆောင်ဗီယက်နမ်ကို ထောက် ခံကူညီကာ ကျူးကျော်စစ်ပွဲကိုက ဆင်နွှဲခြင်းဖြစ်သည်။ အနိုင်ကျင့်ဗိုလ်ကျခြင်းဖြစ်သည်။ အာရှ တွင် စစ်မီးမွှေးခြင်း၊ မတရားလုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် စာပေအနုပညာရှင်များသည် ဗီယက် နမ်က တစ်ပြားမှလာမပေးသော်လည်း ကိုယ့်ထမင်းကိုယ်စားကာ စစ်ဆန့်ကျင်ရေးကဗျာများ စာ များကို ရေးသားခဲ့ခြင်းဖြစ်ပါသည်။ မှန်သည့်ဘက်က ရပ်ခဲ့ခြင်းဖြစ်သည်။ အနိုင်ကျင့်သူ အင်အား ကြီးသူကို ဆန့်ကျင်ရှုတ်ချခဲ့ခြင်းဖြစ်သည်။ ၂၀၀၁ စက်တင်ဘာ (၁၁)ရက်နေ့က အိုစမာဘင်လာ ဒင်၏ အယ်လ်ကေဒါအကြမ်းဖက်အဖွဲ့အစည်းသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုန်သွယ်ရေးမျှော်စင်ညီနောင်နှင့် ဝါရှင်တန်ရှိ ပင်တဂွန်စစ်ရုံးတို့ကို ခရီးသည်တင်လေယာဉ်များ အပိုင်စီးကာ တိုက်ခိုက်ကြတော့ တစ်ကမ္ဘာလုံးသည် အမေရိကန်ဘက်မှ ရပ်တည်ကာ စစ်သွေးကြွ အကြမ်းဖက်သမားများကို ဆန့်ကျင်ခဲ့ပါသည်။

မြန်မာနိုင်ငံမှ စာရေးဆရာများကလည်း အကြမ်းဖက်ဝါဒကို ရှုတ်ချသောစာများရေးကာ အမေရိကန်၏ အကြမ်းဖက်မှု ဆန့်ကျင်ရေးစစ်ပွဲကို ထောက်ခံခဲ့ကြပါသည်။ ဆိုလိုသည်မှာ စာပေ

အနုပညာသမားများသည် လူတစ်ယောက် အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံကို အခြေအ မြစ်မရှိဘဲ အမြဲတမ်းဆန့်ကျင်ရေးသားနေခြင်းမရှိသလို၊ အမြဲတမ်း သူဘာလုပ်လုပ် ထောက်ခံရေး သားနေစရာလည်းမလိုပါ။ အမှားအမှန်ကိုသာကြည့်၍ ဆန့်ကျင်သင့်က ဆန့်ကျင်ရမည်ဖြစ်ပြီး ထောက်ခံသင့်က ထောက်ခံရပေမည်။ အဆိုးနှင့်အကောင်း၊ အမှောင်နှင့်အလင်း၊ အဓမ္မနှင့်ဓမ္မအား ပြိုင်မှုတွင် အကောင်းဘက်၊ အလင်းဘက်၊ ဓမ္မဘက်ကသာ ကျွန်တော်တို့ ပါဝင်နိုင်ပါမည်။ မသမာ မှုကို ဇွတ်မှိတ်ထောက်ခံခြင်းဖြင့်

ရေပွက်ပမာ ခဏာရလာသည့် လူ့ဘဝသမိုင်းကို အမည်းစက်မစွန်း စေချင်ပါ။
အချိန်တန်တော့ အားလုံးသည် သေကြရမည့်သူများသာဖြစ်သည်။
ကိုယ်ရပ်တည်သော ဘက်သည် မှန်ကန်ရဲ့လားဟု
အမြဲတမ်းလိပ်ပြာမသန့်ရသောအဖြစ်များမှ အားလုံးကင်းလွတ်စေ ချင်ပါသည်။
ဤနေရာ၌ မေးစရာရှိလာသည်မှာ ဘယ်သူမှား၍ ဘယ်သူမှန်သနည်း။ မည်သည့်
အရာသည် အမှန်တရားနည်းဟူသောမေးခွန်းဖြစ်သည်။

တစ်ခါက ကျွန်တော်သည် ချောင်းလေးတစ်ခုကိုတွေ့ရာ ထိုချောင်းထဲမှ
ရေများသည် အ ရှိန်အဟုန်ပြင်းပြင်းဖြင့် အနောက်မှအရှေ့သို့ စီးဆင်းနေပါသည်။
တစ်နေ့တွင် ထိုစမ်းချောင်းလေး အကြောင်းကို ကျွန်တော်၏ ဇနီးနှင့် စကားစပ်၍
ပြောရာ သူက စမ်းချောင်းသည် အနောက်မှအရှေ့ သို့ စီးသည်မဟုတ်၊ အရှေ့မှ
အနောက်ကိုသာ စီးခြင်းဖြစ်ကြောင်း၊ ကျွန်တော့်စကားကို ဆန့်ကျင်
ဘက်ပြောပါသည်။ ကျွန်တော်ကလည်း အကြိမ်ကြိမ် မိမိမျက်စိနှင့် တွေ့ခဲ့သူမို့
ဇနီးပြောသည်ကို လုံးဝလက်မခံပါ။ ဇနီးသည်ကလည်း သူသည်လည်း မျက်စေ့ဖြင့်
ယခုလေးတင်မြင်လာခဲ့ခြင်းဖြစ် ကြောင်း ပြောသဖြင့်
ကျွန်တော်တို့လင်မယားအငြင်းအခုန်ဖြစ်ကြပါသည်။ ထိုအခါ လောင်းကြေး
စားကြေးဖြင့် အလျော်အစားညှိနှိုင်းစိန်ခေါ်ကြပြီး ကျွန်တော်တို့လင်မယားသည်
အရှေ့မှအနောက် လော၊ အနောက်မှ အရှေ့လောဟူသည့် ပြဿနာကို
လက်တွေ့ရင်ဆိုင်ဖြေရှင်းရန် စမ်းချောင်းဆီ သို့ ရောက်သောအခါ နှစ်ယောက်စလုံး
အရှုံးအနိုင်မပေါ်သောအဖြစ်ကို တွေ့ရပါသည်။ ဖြစ်ရပုံမှာ ချောင်းထဲမှရေသည်
ဘယ်ဘက်ကိုမှမစီးဘဲ တန့်နေပါသည်။ ရေအီသည်ဆိုသည်မှာ ဒါမျိုးကိုပြော
တာဖြစ်မည်။ အဖြစ်မှန်မှာ ရွှေလေ့ချောင်းဟုခေါ်သော ဤစမ်းချောင်းကလေးသည်
ငမိုးရိပ်ချောင်း ၏ လက်တက်ကလေးတစ်ခုဖြစ်သည်။ ငမိုးရိပ်ချောင်းသည်
ရန်ကုန်မြစ်နှင့်ဆက်နေပြီး ဒီရေအ တက်အကျရှိရာ ဒီရေတက်လာသောအခါ
ချောင်းသည် အရှေ့မှအနောက်သို့ ပြောင်းပြန်စီးလေ့ ရှိပြီး သာမန်အချိန်များနှင့်

ဒီရေကျသောအချိန်များတွင် ချောင်းရေသည် အနောက်မှအရှေ့သို့စီး ပါသည်။ ရေတက်ချိန်ကိုသာ မြင်တွေ့လာသော ကျွန်တော့်ဇနီးက ချောင်းသည် အရှေ့မှအနောက်သို့ စီးသည်ဟုသာထင်နေပြီး ကျွန်တော်လည်း ဤရပ်ကွက်ကို ပြောင်းလာကာစဖြစ်၍ ဒီ ရေအကြောင်းမသိသဖြင့် အနောက်မှအရှေ့သို့သာစီးကြောင်း တရားသေ ယူဆထားခြင်းဖြစ် သည်။

ဤအဖြစ်အပျက်ဖြစ်ပြီးသည်မှစ၍ ကြီးမားသော သင်ခန်းစာတစ်ခု ကျွန်တော်ရလိုက်သည် မှာ ကိစ္စတစ်ခုကို အမှားအမှန်ငြင်းခုံတိုင်း သူလည်း မှန်နိုင်သည်ဟူသော အယူအဆ(ဝါ)ငါမှန်၍

သူအမြဲမှားသည်ဟု တစ်ဖက်သတ်မယူဆတော့ခြင်း၊ မျှမျှတတ စဉ်းစားတတ်လာခြင်းဖြစ် သည်။ သို့သော် အမှန်တရားဆိုသည်မှာ လိမ်ညာဖုံးကွယ်၍ ရကောင်းသောအရာမဟုတ်ပါ။ ဘယ် သူမှန်၍ ဘယ်သူမှားသည်ကို အချိန်ကဆုံးဖြတ်ပေးမည်ဖြစ်သည်။ အမှန်တရားဆိုသည်မှာ မိမိ တစ်ယောက်တည်း၊ တစ်မိသားစုတည်း၊ တစ်ဖွဲ့တည်းအတွက် မှန်ကန်သောအကြောင်းအရာကို ဆိုလိုသည်မဟုတ်။ ပြည်သူလူထု သိန်းနှင့်သန်းနှင့် ကုဋေနှင့်ချီ၍ အားလုံးအတွက်မှန်နေသော အမှန်တရားကို ဆိုလိုပါသည်။

မြန်မာ့နိုင်ငံရေးသည် အဓိကငြင်းခုံနေရာသော ပြဿနာမှာ တပ်မတော်နှင့်ပတ်သက်၍ စစ် တပ်ဘက်တော်သားများနှင့် ဒီမိုကရေစီဘက်တော်သားများ အမြင်ကွဲလွဲနေခြင်းဖြစ်သည်။ ကျွန် တော့်အမြင်တွင် နှစ်ဖက်စလုံးသည် မိမိဖြတ်သန်းလာခဲ့သော ရှုထောင့်အသီးသီးမှရပ်ကြည့်ပြီး ပြောကြသည်ဖြစ်ရာ (ကျွန်တော်တို့လင်မယား ချောင်းရေစီးပုံကိုငြင်းကြသလို) ကိုယ့်ဘက်နှင့် ကိုယ်မှန်နေကြမည်ဖြစ်သည်။ သို့သော် နှစ်ဖက်စလုံးက လက်ခံသောအမှန်တရားတော့ ဖြစ်နိုင် မည်မထင်။ တပ်မတော်သည် နိုင်ငံရေးတွင် မိမိတန်ဖိုးကို ရှိသည်ထက်အဆများစွာ ပိုတွက်ထား ပြီး အတိုက်အခံနိုင်ငံရေးအင်အားစုများဘက်မှာမူ တပ်မတော်၏ အနေအထားကို

လိုအပ်တာထက် လျှော့တွက်ထားခြင်းသည် ပြဿနာ၏ ဇစ်မြစ်ဖြစ်နေသည်။ ဥပမာ အကယ်၍ တပ်မတော်သည် ငါးကျပ်ဖိုးတန်ဖိုးရှိသည်ဟုဆိုလျှင် အတိုက်အခံတို့ဘက်က တပ်မတော်၏ တန်ဖိုးကို သုံည (Zero) အဆင့်ဟု ရှုမြင်ပြီး တပ်မတော်ကိုယ်တိုင်ကမူ မိမိအဆင့်ကို တစ်ဆယ် (၁၀)ဟု ရှုမြင်ကြသည်။ မည်သည့်ဘက်ကမှ တန်ဖိုးအမှန် (5)ကို လက်သင့်မခံနိုင်ကြပေ။ ဈေးအရောင်းအဝယ်ပြုရာ၌ ငါး ကျပ်တန်ပစ္စည်းတစ်ခုကိုရောင်းသူက တစ်ဆယ်လိုချင်၍ ဝယ်သူက တစ်ပြားမှမတန်ဟုဆိုနေသ လို ဖြစ်နေပေရာ မည်သည့်နည်းနှင့်မျှ အရောင်းအဝယ် သင့်မြတ်စရာမရှိတော့ပေ။ နိုင်ငံတစ်နိုင်ငံ တွင် တပ်မတော်မရှိက မဖြစ်သလို တပ်မတော်မှ နေရာတကာဝင်ပါလျှင်လည်း မသင့်တော်ပေ။ အောက်ပါအချက်များသည် မြန်မာ့နိုင်ငံရေး၌ တပ်မတော်ဘက်တော်သားများ၊ စစ်ဗိုလ်ချုပ်များ၊ စစ်အစိုးရလိုလားသူများဘက်က မြင်သောအမြင်နှင့် ဒီမိုကရေစီဘက်တော်သားများ၊ အတိုက်အခံ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားများဘက်မှ ယေဘုယျအမြင်ဖြစ်သည်။ (တပ်မတော်၏ အ မြင်ကို ရှေ့မှရေးပြီး ဒီမိုကရေစီဘက်တော်သားများ၏ အမြင်ကို ကွင်းစကွင်းပိတ်ဖြင့် ဖော်ပြပါ သည်) အမြင်ကွဲပြားမှုများကို အကျဉ်းချုံးဖော်ပြကြပါစို့။

(၁) ၁၉၆၂ ခု အာဏာသိမ်းခြင်းသည် တပ်မတော်မှ နိုင်ငံတော်ချောက်ထဲကျရန် လက်နှစ် လုံးအလိုတွင် သမိုင်းပေးတာဝန်အရ ကယ်တင်လိုက်ခြင်းဖြစ်သည်။ (ဗိုလ်ချုပ်နေဝင်းသည် ၁၉၅၈ မှ ၁၉၆၀ အထိ အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူရာမှ အာဏာ၏ အရသာကိုသိသွားပြီး ဖက်ဒ ရယ်မူကြောင့် နိုင်ငံတော်ပြိုကွဲတော့မယောင် အကြောင်းပြကာ ဝန်ကြီးချုပ်ဦးနုထံမှ မတရားအာ ဏာသိမ်းလိုက်ခြင်းဖြစ်သည်)။

(၂) ကျောင်းသားများသည် တိုင်းပြည်ဆူပူအောင် ကွန်မြူနစ်များနှင့် ပူးပေါင်းလုပ်ဆောင်

နေသဖြင့် သူပုန်စခန်းသဖွယ်ဖြစ်နေသော ကျောင်းသားသမဂ္ဂအဆောင်အအုံကို ဗုံးခွဲဖျက် ဆီးလိုက်ရခြင်းဖြစ်သည်။ (ဦးနေဝင်း၏ တစ်ပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်ရာတွင် နိုင်ငံရေး အရ အတွေးအခေါ်မြင့်မားသော ကျောင်းသားများကို တမင်သက်သက်မုန်းတီးကြောက်ရွံ့စိတ်နှင့် ရာဇဝင်တွင်မည့်အမည်းစက်ကြီးကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

(၃) ၁၉၈၈ စက်တင်ဘာ (၁၈)ရက်နေ့တွင် တပ်မတော်က အာဏာသိမ်းခြင်းမှာ တိုင်းပြည် ကို ပြည်တွင်းပြည်ပ အဖျက်သမားများရန်မှ တပ်မတော်က ကယ်တင်ခဲ့ခြင်းဖြစ်သည်။ (ပြုတ်ကျ လုဆဲဆဲ အသက်ငင်နေပြီး ထွက်ပေါက်ပိတ်နေသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရနှင့် ဗိုလ်ချုပ်နေဝင်းတို့ကိုကာကွယ်ရန် တပ်မတော်သည် ဒီမိုကရေစီတောင်းဆိုသောအပြစ်မဲ့ပြည်သူ များကို ပစ်ခတ်နှိမ်နင်းအာဏာရယူခဲ့ခြင်းဖြစ်သည်။

(၄) ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အာဏာလွှဲ ပြောင်းမပေးခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိ၍ ဖြစ်သည်။ (NLD ပါတီအား အာဏာလွှဲအပ် လိုက်ပါက နူရင်ဘတ်စစ်ခုံရုံးကဲ့သို့သော စစ်ခုံရုံးဖြင့် အရေးယူခံရမည်ကို ဗိုလ်ချုပ်ကြီးအချို့ ထိတ် လန့်ကြောက်ရွံ့သောကြောင့် အာဏာလွှဲမပေးခြင်းဖြစ်သည်)။

(၅) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ကြီးဆီသို့ ချီတက်နိုင်သည်။ (၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်အာဏာရှင်စနစ်ကို သက် ဆိုးရှည်အောင် ပြည်သူ့ဆန္ဒမပါဘဲ ရည်ရွယ်ရေးဆွဲထားသော ဥပဒေဖြစ်သည်) ။

(၆) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၉(စ)မှာ ပြည်ပစွက်ဖက်မှုမရှိစေရန် လိုအပ်ချက်အရ ထည့်သွင်းရေးဆွဲထားခြင်းဖြစ်သည်။ (ဒီမိုကရေစီခေါင်းဆောင်

ဒေါ်အောင်ဆန်းစုကြည် သမ္မတ မဖြစ်ရန် တမင်ရည်ရွယ်ထည့်သွင်းထားသော ပုဒ်မဖြစ်သည်)။

(၇) အနာဂတ်မြန်မာနိုင်ငံရေးတွင် တပ်မတော်သည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်ခွင့်ရှိသည်။ (တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးကိုသာ ဆောင်ရွက်ရန်အဓိက တာဝန်ရှိပြီး နိုင်ငံရေးသည် တပ်မတော်၏ အလုပ်မဟုတ်သဖြင့် ပါဝင်ရန်မသင့်)။

(၈) တပ်မတော်သားများသည် နိုင်ငံတော်အတွက် အသက်စွန့်ပြီး တာဝန်ထမ်းဆောင်ရ သဖြင့် သာမန်တိုင်းသူပြည်သားဝန်ထမ်းများထက် အခွင့်အရေးခံစားခွင့်ရှိသည်။ (တပ်မတော်သား များသည် နိုင်ငံဝန်ထမ်းများသာဖြစ်ပြီး ဤအလုပ်ကိုလည်း မိမိဘာသာရွေးချယ်ခဲ့ကြသူများဖြစ်သ ဖြင့် အခြားနိုင်ငံဝန်ထမ်းများနည်းတူသာ အခွင့်အရေးရသင့်သည်။ အခြားလူများထက် အခွင့်အ ရေးကို မယူသင့်)။

(၉) တပ်မတော်မှ အငြိမ်းစားယူထားသူ ဗိုလ်ချုပ်ကြီးများ မိမိလစာဝင်ငွေနှင့် မလိုက်ဖက် အောင် အဆမတန် ချမ်းသာနေကြခြင်းမှာ ဥပဒေနှင့်အညီ ပြင်ပစီးပွားရေးလုပ်ငန်းများကို လုပ် ကိုင်ကြသောကြောင့်ဖြစ်သည်။ (ရာထူးနှင့်အာဏာကို အသုံးချပြီး မတရားစီးပွားရှာသောကြောင့် အဆမတန် ချမ်းသာလာကြခြင်းဖြစ်သည်)။

(၁၀) လွှတ်တော်တွင် တပ်မတော်ကပါနေရခြင်းမှာ နိုင်ငံရေးလိုအပ်ချက်ကြောင့်ဖြစ်သည်။ (တပ်မတော်သည် ဒီမိုကရေစီမပေးချင်သဖြင့် လွှတ်တော်ကို ထိန်းချုပ်ထားခြင်းဖြစ်သည်)။

(၁၁) မြေယာသိမ်းယူမှုများမှာ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ရာတွင် လိုအပ်၍ သိမ်းယူရခြင်းဖြစ်ပြီး မလိုအပ်သောမြေယာများကို ပြန်လည်စွန့်လွှတ်ပေးနေသည်။ (ယခင်စစ် အစိုးရလက်ထက်တွင်

တောင်သူလယ်သမားများ၏ လယ်ယာမြေများကို လိုသည့်ထက်ပို၍ သိမ်း ယူကာ စီးပွားရေးသမားများနှင့် ပေါင်းကာ ကိုယ်ကျိုးသုံးမှုများရှိနေခဲ့သည်)။

(၁၂) တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှသစ္စာမဖောက်။ (တပ်မတော်သည် ယခင်စစ်အာဏာရှင်ဟောင်းများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများကို အကာအကွယ်ပေးလွှန်းနေ သည်)။

(၁၃) တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အချို့ လက်နက်မစွန့်ချင်သဖြင့် ပြည်တွင်းငြိမ်း ချမ်းရေး မရနိုင်ဘဲ ရှိသည်။ (ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်တပ်မတော်ကို အစိုးရဘက်မှ လက်ခံစေလိုသည်)။

(၁၄) တပ်မတော်သည် ဒေသတွင်း နိုင်ငံများတွင် ကာကွယ်ရေးအသုံးစရိတ်ကို အနည်း ဆုံးအသုံးပြုသည်။ (မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ ဘတ်ဂျက်နှစ်ခုပေါင်းထက် ကာကွယ် ရေးအတွက်သုံးသော ဘတ်ဂျက်မှာ အဆများစွာပိုနေသည်။ တိုင်းပြည်မတိုးတက်ခြင်းမှာ ကာ ကွယ်ရေးအသုံးစရိတ်ထောင်းနေ၍ ဖြစ်သည်)။

အထက်ပ်အချက်များမှာ တပ်မတော်အသိုင်းအဝိုင်းမှ ဒီမိုကရေစီအသိုင်းအဝိုင်းကြားတွင် ကွဲပြားနေသော အမြင်များဖြစ်သည်။ မည်သူမှန်၍ မည်သူမှားသည်ဟု ငြင်းခုံနေကြခြင်းဖြင့် မြန်မာ နိုင်ငံရေးသည် ကောင်းလာနိုင်စရာအကြောင်းအမြင်။ နှစ်ဖက်လုံးမှ အယူအဆများကို နည်းနည်းစီ လျှော့၍ ဆုံမှတ်တစ်ခုဆီသို့ ရွေ့လာနိုင်မည်ဆိုပါက မြန်မာ့နိုင်ငံရေးသည် ကောင်းလာနိုင်ပေမည်။ ထိုသို့မဟုတ်ဘဲ မိမိသည်သာ အမှန်တရားဟု ဆက်လက်အတ္တကြီးနေကြပါက မြန်မာနိုင်ငံသည် ကမ္ဘာ့နှင့်ရင်ပေါင်တန်းဖို့ အသာထား၍ အာဆီယံနိုင်ငံများအတွင်း သူတစ်ပါးနိုင်ငံရှိ ဒုက္ခသည် စခန်းများတွင် မြန်မာနိုင်ငံသားများ သူတောင်းစားသာသာဘဝဖြင့် နေထိုင်ရခြင်း၊ ကျွန်သာသာ ဘဝအခြေအနေဖြင့် ပြည်ပနိုင်ငံများတွင် ရရာအလုပ်လုပ်ကာ ကြီးလန့်စာစားနေထိုင်ရခြင်း၊ သခင် မျိုးဟေ့ တို့ဗမာ ဟူသောခေတ်မှသည်

အိမ်ဖော်မျိုးဟေ့ တို့ဗမာဆိုသည်အထိ နိမ့်ကျလာခြင်း၊ ပညာရေးတွင် တောကျောင်းသားနှင့် မြို့ကျောင်းသားကွာသလို မြန်မာကျောင်းသားနှင့် အာဆီယံ ကျောင်းသားများအဆင့် ကွာခြားလာခြင်း၊ ကမ္ဘာ၌ ခေတ်မီဆေးရုံကြီးများတွင် နှလုံးအစားထိုး ကုသခြင်းကို အလွယ်တကူလုပ်လာနိုင်သောခေတ်ကြီးတွင် မြန်မာနိုင်ငံ၌ အူကျရောဂါခွဲစိတ်ရန် ပိုက်ဆံမတတ်နိုင်၍ စိတ်ဓာတ်ကျကာ မိမိကိုယ်ကို အဆုံးစီရင်ရသော လူမမာပေါ်ထွန်းလာခြင်း၊ မြန်မာသည် ကမ ၻပေါ်တွင် ကင်ဆာအဖြစ်များဆုံး နိုင်ငံစာရင်းတွင် ထိပ်ဆုံးမှပါလာခြင်း၊ အစိုးရ ယန္တရားကြီးတစ်ခုလုံးသည် လာဘ်မပေးပါက အလုပ်မလုပ်ကြတော့ခြင်း၊ ဥပဒေကို ဖောက်ဖျက်သူများသာ အချိန်တိုအတွင်း ကြီးပွားချမ်းသာလာကြခြင်း၊ စက်မှုထုတ်ကုန်ဘာမှမရှိ၊ ကျွမ်း ကျင်လုပ်သား ဘာမှမရှိဘဲ စိုက်ပျိုးရေးထွက်ကုန်နှင့် သယံဇာတများကိုသာ ရောင်းစားနေရသော တောသားနိုင်ငံအဆင့်မှ မတက်နိုင်ခြင်း၊ လူလတ်တန်းစားပျောက်ကွယ်သွားပြီး ချမ်းသာသူနှင့် ဆင်းရဲသူလူတန်းစားကွာဟမှု အလွန်ကြီးမားလာခြင်း၊ အိမ်ငှားခများ ဈေးကြီးလွန်းသဖြင့် နေစရာ အခက်အခဲများ ရင်ဆိုင်လာရခြင်း၊ ပြည်တွင်းစစ်ရပ်စဲဖို့ ခက်ခဲခြင်း၊ ဒုက္ခသည်များ နေရပ်ပြန်မလာ နိုင်ခြင်း စသည်များ သံသရာလည်ကာ အမှောင်ခေတ်မှ မတက်နိုင်ဘဲရှိလိမ့်မည်။

ထိုအချက်များကို ကျွန်တော်တို့ စာရေးဆရာများ၊ သတင်းမီဒီယာများက တိုင်းပြည်ချစ်စိတ် ဖြင့် ထောက်ပြနေခြင်းဖြစ်သည်။ ရေးသားနေခြင်းဖြစ်သည်။ ငွေလိုချင်၍ ရေးနေခြင်းမဟုတ်။ ဆုပူ ချင်၍ ရေးနေခြင်းမဟုတ်။ တိုင်းပြည်ကို ပုန်ကန်နေကြခြင်းမဟုတ်။ ထိုသို့ အမှန်တွေကို ရေးကြ သားကြသဖြင့် ကျွန်တော်တို့ကို အမြင်ကပ်၍ ဖမ်းချင်လည်းဖမ်းပါ။ တရားစွဲထောင်ချချင်လည်း ချပါ။ သို့သော် ဂျာနယ်လစ်များ၊ စာရေးဆရာများကို ဖမ်းဆီးထောင်ချခြင်းသည် မှန်ကန်သော ဖြေ ရှင်းနည်းမဟုတ်။ ပြဿနာ၏ အဖြေမှန်မဟုတ်။ သူ့ဘက်ကကြည့်တော့ ရေဆန်၊ ကိုယ့်ဘက်က ကြည့်တော့

ရေစုန်ဖြစ်နေနိုင်သောအမြင်များကို အခြေခံ၍ ညှိနှိုင်းတိုင်ပင်ကြစမ်းပါ။

တိုင်းပြည်အနာဂတ်ကို ရှေ့ရှု၍ စစ်မှန်သောအမှန်တရားကို နှစ်ဖက်စလုံးက အတ္တစွဲများ ခွာချပြီး နိုင်ငံချစ်စိတ်ဖြင့် ရှာကြစမ်းပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**စောင့်ကြည့်ဂျာနယ်**

**၂၉-၇-၂၀၁၄**

*

## လူမပြောင်း၊ မူမပြောင်း ရှေ့သို့ချီမည့်လမ်းကြောင်း

ကျွန်တော်တို့မြို့တွင် ဘော်လီဘောအသင်းတစ်သင်းရှိသည်။ အသင်းခေါင်းဆောင်မှာ ကို မှုန်ကြီးဖြစ်သည်။ ကိုမှုန်ကြီး ဘော်လီဘောအသင်းခေါင်းဆောင်ဖြစ်လာပုံမှာ ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်တိုင်း အသင်းအတွက် ခရီးစရိတ်၊ တည်းခိုခ၊ ကုန်ကျစရိတ်အဂဂ ကို စိုက်ထုတ်လေသဖြင့် ဘော်လီဘောအရည်အချင်း ဘာမှဟုတ်ဟုတ်ငြားငြား မရှိသော်လည်း အသပြာတန်ခိုးကြောင့် ခေါင်းဆောင်တက်ဖြစ်ခြင်းနေခြင်းဖြစ်သည်။ သူတို့အသင်းသည် နှစ်စဉ်နှစ် တိုင်း ပဲခူးသို့သွားရောက်ယှဉ်ပြိုင်သော်လည်း တစ်ခါမှနိုင်ငံပွဲမရဘဲ အမြဲတမ်းလိုလို ရှုံးနိမ့်ပြီးသာ အရုက်တကွဲပြန်လာရစမြဲဖြစ်သည်။

ဒီနှစ်ရှုံးသဖြင့် နောက်နှစ်မပြိုင်တော့ဘူးဟု မြို့သူမြို့သားများကထင်သော်လည်း အချိန် တန်သောအခါ ကိုမှုန်ကြီးတို့ ဘော်လီဘောအသင်းမှာ ရှေ့သို့ထွက်လာစမြဲဖြစ်သည်။ ကိုမှုန်ကြီး သည် အသင်းအတွက် လူရွေးတိုင်း အခြားသူများကို အလှည့်ကျရွေးလေ့ရှိသော်လည်း အသင်း ခေါင်းဆောင်နေရာကိုမူ သူမှတစ်ပါး မည်သူ့ကိုမျှ လွှဲအပ်ခြင်းမပြုပေ။ လူရွေးသူမှာလည်း သူပဲဖြစ်သဖြင့် သူ့စိတ်ကြိုက်ကစားသမားများ သူနှင့်ပလဲနံပသင့်သူများ၊ သူတို့ဖားနိုင်သူများသာ ပြိုင်ပွဲ သို့ ခေါ်သွားလေ့ရှိသည်။ ပြိုင်ပွဲနီးလာတိုင်း ကိုမှုန်ကြီးသည် လူရွေးချယ်ရေးနှင့်ပတ်သက်၍ ဤကဲ့သို့ ပြောဆိုလေ့ရှိသည်။

"ငါတို့အသင်း အမြဲတမ်းရှုံးနေတာ ရပ်တန့်ဖို့ ဒီနှစ်တော့ လူရွေးတဲ့နေရာမှာ သေသေချာချာ ဂရုစိုက်ပြီး ရွေးမှဖြစ်တော့မည်ဟေ့။ အဲဒီ

တော့ကွာ ငါရယ် … ကြည်မြင့်ရယ်၊ စိုးအောင်ရယ် … မောင်တိုးရယ်…”

ထိုနှစ်က မအောင်မြင်သောအခါ နောက်တစ်နှစ်တွင် ကိုမှုန်ကြီးသည် ဤသို့ပြောပြန်သည်။

“ဒီနှစ်တော့ လူကောင်းတွေပ ရွေးမှဖြစ်တော့မယ်၊ ပြိုင်ဘက်တွေက လွယ်တာမဟုတ်ဘူး၊ အဲဒီ တော့ကွာ ငါရယ်…၊ ဇော်ကြီးရယ်၊ ဂျာဂျားရယ်၊ အောင်မြင့်ရယ်၊ အောင်ဆန်းမင်းရယ် …”

နောက်တစ်နှစ်လည်း မအောင်မြင်။ ထိုအခါ လူရွေးပြန်သည်။ ထုံးစံအတိုင်း ငါရယ်ဟုအစ ချီသည်။ သူ ဤသို့ လူရွေးသည်ကို မည်သူမျှ မအံ့သြ၊ အောင်မြင်မှာလည်းမဟုတ်သည်ကို အားလုံးက သိနေသည်။ မြို့မှာတော့ အသင်းအဖွဲ့တွေမှာ လူရွေးကြလျှင် ကိုမှုန်ကြီး၏ လက်သုံးစကား ဖြစ်သော “အဲဒီ တော့ ငါရယ်” ဟူသောစကားကို ရယ်ပွဲဖွဲ့ကြသည်။ အချို့ကလည်း ငါရယ်ဟု ပါးစပ်ကထုတ်ပြောသော်လည်း ကိုမှုန်ကြီး၏ ပေါ်လစီကို လက်တွေ့လိုက်နာကျင့်သုံးကြသည်။ ဒီနှစ် ငါဥက္ကဋ္ဌ၊ နောက်နှစ်လည်း ငါပဲဥက္ကဋ္ဌ၊ နောက်လာမည့် ကာလများအတွက်မူ ငါကိုပင် ငါက ရည်မှန်းထားသည်။

ယခုအခါ မြန်မာနိုင်ငံမှာလည်း ကိုမှုန်ကြီးလုပ်ပေါက်မျိုးက ခေတ်စားနေသည်။ ၁၉၆၂ ခု မတ်လတွင် ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်သော တော်လှန်ရေးကောင်စီဟု တက်ကြွစရာနာမည်ပေးထားသည့် စစ်အစိုးရတက်လာသည်။ အရင်းရှင်စနစ် ဘာစနစ်ညာစနစ်ကို ငြီးငွေ့စိတ် ပျက်နေသော ပြည်သူလူထုကို မျက်လှည့်ပြ ပုံမှားရိုက်သည့်အနေဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီဟူသော နိုင်ငံရေးလမ်းစဉ်ဖြင့် စကားလုံးအကြီးကြီးသုံးကာ ဆွဲဆောင်ခဲ့သည်။ လူနှင့်ရုပ် ပတ်ဝန်းကျင်၏ အညမည သဘောတရား ဘာညာဖြင့် စကားကြီးစကားကျယ်တွေသုံးကာ ဝါဒမှိုင်းတိုက်ခဲ့သည်။ တကယ်တော့ ဗိုလ်ချုပ်နေဝင်းသည် ဆိုရှယ်လစ်ဝါဒကိုရော၊ ကွန်မြူနစ်ဝါဒကိုရော ယုံကြည်သူမဟုတ်။ အာဏာသည်

သေနတ်ပြောင်းဝမှလာသည် (Political Power grows out of the barrel of a gun)ဟူသော မော်စီတုန်း၏ အာဏာရှင်ဝါဒကိုသာ ယုံကြည်သူဖြစ်သည်။ ထိုယုံကြည်ချက်ဖြင့် တိုင်းပြည်ကို စစ်ဖိနပ်အောက်သို့ သွင်းကာ ၁၉၆၂ မှ ၁၉၈၈အထိ (၂၆)နှစ်လုံးလုံး အုပ်ချုပ်ခဲ့ပါသည်။ ထို (၂၆) နှစ်တာကာလအတွင်း တရုတ်ကုလားကို အပြုတ်တိုက်မည့် အမျိုးသားရေးဝါဒီလိုလို၊ ဆိုရှယ်လစ်စနစ်ဖြင့် လောကနိဗ္ဗာန်ဘုံသို့ ချီတက်တော့မလို၊ တိုင်းပြည်ချောက် ထဲကျရန် လက်နှစ်လုံးပဲလိုတော့သဖြင့် ကယ်တင်ခဲ့သလိုလိုဖြင့် စစ်အာဏာရှင်ဝါဒကိုသာ ထူထောင်ခဲ့ပါသည်။ ဦးနေဝင်း ဘုန်းမီးနေလတောက်ခဲ့စဉ်အတွင်း နိုင်ငံပိုင် ကျောက်မျက်ရတနာများ ရောင်းချခြင်းမှာ ကိုယ်ပိုင်ပစ္စည်းကို ရောင်းဝယ်သည့်ပုံစံဖြစ်နေပါသည်။ ကမ္ဘာ့ဘဏ်တွင် မြန်မာငွေ များခိုင်မာစေရန် ရွှေချောင်းများ အာမခံတင်ထားသည်ကို အရင်းရှင်ကို အားမပေးဟုဆိုကာ ပြန်လည်ထုတ်ယူခဲ့ပါသည်။ ထိုရွှေချောင်းများ ဘယ်နေရာရောက်ရောဂါက်သွားသလဲ ယခုအထိ တိကျသော အဖြေမပေါ်တော့ပေ။

ဆွစ်ဇာလန်ဘဏ်တွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားသည်ဟုလည်း ပြောကြပါသည်။ တစ်ချိန်က ချမ်းသာခဲ့သော မြန်မာနိုင်ငံကတော့ တဖြည်းဖြည်း ဆင်းရဲမွဲတေလာကာ ကမ္ဘာ့ဖွံ့ဖြိုး မှုအနိမ့်ဆုံး (LDC) နိုင်ငံအဖြစ် သတ်မှတ်ခံလိုက်ရပါတော့သည်။ ကြာကြာဝါးမှ ခါးမှန်းသိသောပြည် သူများက တစ်တိုင်းတစ်ပြည်လုံး ၁၉၈၈ တွင် တော်လှန်ခဲ့ကြရာ ဦးနေဝင်းနှင့်တကွ (၆၂)အာဏာ ရှင်စနစ် နိဂုံးချုပ်ခဲ့ပါသည်။

ထို့နောက် ၁၉.၈.၁၉၈၈ တွင် လူသစ်တက်လာပါသည်။ ထိုလူသစ်မှာ ကျွန်တော်တို့ပြည်သူများ မျှော်လင့်ခဲ့သော လူသစ်တော့မဟုတ်။ အစိမ်းရောင် ယူနီဖောင်းဝတ်ထားသော ဗိုလ်ချုပ်ကြီး တစ်ယောက်ဖြစ်သည်။ နောက်တက်တဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ၊ ပထမဘုန်းကြီးက ခေါင်း တစ်ချက်ခေါက်ပြီး နောက်ဘုန်းကြီးက နှစ်ချက်ခေါက်သည်ဟုဆိုရမလို နောက်တက်လာသူသည်လည်း

စစ်အာဏာရှင်ဖြစ်ပြီး ဗိုလ်ချုပ်နေဝင်းထက်ကဲကာ သူ့ကိုယ်သူ ဗိုလ်ချုပ်မှူးကြီးစောမောင်ဟု အမည်သညာခေါ်တွင်စေခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ၁၉၉၀ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာ ကျင်းပပေးပြီး ရွေးကောက်ပွဲပြီးလျှင် တပ်မတော်သည် စစ်တန်းလျားသို့ပြန်မည်၊ အခြေခံဥပဒေကို ရွေးကောက်ပွဲအနိုင်ရပါတီက ရေးဆွဲရမည်။ တပ်မတော်သည် အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင် ခြင်းဖြင့် သမိုင်းတရားခံအဖြစ်မခံနိုင်ဟု ပြတ်သားရဲဝံ့စွာ ကြေညာခဲ့သည်။ ထိုစစ်ဗိုလ်ချုပ်ကြီးသည်လည်း သူ၏ မှတ်ချက်စကားကို လက်မခံနိုင်ဟု တပ်စု၏ လက်ချက်ဖြင့် အငြိမ်းစားယူရကာ နောက်ထပ်စစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီးတစ်ယောက် တက်လာခဲ့ပြန်၏ ။ ထိုမှတစ်ဖန် ကျောင်းသား၊ ပြည်သူ၊ ရဟန်းရှင်လူများ အစဉ်တစိုက် အုံကြွတောင်းဆိုမှုများကြောင်း မပြောင်းလျှင် မဖြစ်တော့သောကြောင့် ၂၀၀၈ အခြေခံဥပဒေကို နာဂစ်မုန်တိုင်းကြားမှ ဇွတ်အတည်ပြုကာ ဒီမိုကရေစီ ယောင်ယောင် စစ်အစိုးရယောင်ယောင်ခေတ်သို့ ရောက်လာပေ၏ ။ တကယ်တမ်းသုံးသပ်ကြည့်သောအခါ သမ္မတသည်လည်း စစ်တပ်မှ ပုဂ္ဂိုလ်ပင်ဖြစ်သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှာလည်း စစ်တပ်မှပုဂ္ဂိုလ်သာဖြစ်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှာလည်း စစ်တပ်မှထွက်လာသူဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးသည်လည်း အရပ်သားမဟုတ်၊ ပြည်ထဲရေးဝန်ကြီးသည်လည်း အရပ် သားမဟုတ်၊ ကာကွယ်ရေးဦးစီးချုပ်မှာ ပြည်ထဲရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့ထက် အဆင့်မြင့်သော တပ်မတော်မှ ဗိုလ်ချုပ်မှူးကြီးဖြစ်နေသည်။

ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌမှာလည်း တပ်မှထွက်လာသော ဗိုလ်ချုပ်တစ်ယောက်ဖြစ် နေသည်။ လွှတ်တော်ထဲမှာလည်း စစ်သားတွေရှိနေသည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ထဲမှာလည်း စစ်သားများပါနေသည်။

ပြည်နယ်လွှတ်တော်တိုင်းဒေသကြီးလွှတ်တော်မှာလည်း တပ်မတော်သား များပါသည်။

ယခင်က စစ်အစိုးရသည် ယခုအခါတွင်လည်း ဒီမိုကရေစီဟုပြောသည့်တိုင် စစ်အစိုးရဟု သာပြောရမလိုဖြစ်နေသည်။ ၁၉၆၂ ခုနှစ်မှစကာ တိုင်းပြည်ကို တာဝန်ယူအုပ်ချုပ်လာခဲ့သော စစ်တပ်မျိုးဆက်သည် ယနေ့အချိန်အထိ တိုင်းပြည်ကို အုပ်ချုပ်နေဆဲပင်ရှိသေးသည်။ ပြည်သူလူထု သည် ထိုအခြေအနေကို ငြီးငွေ့နေပါပြီ။

စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေမည့် သည့်ပုံစံကိုမျှ ပြည်သူလူထုက မလိုလားတော့ပါ။ ထိုအချက်ကို ၁၉၉၀ ရွေးကောက်ပွဲတွင်တစ်ချက်၊ ၂၀၀၇ သံဃာအရေးအခင်း(ရွှေဝါရောင် တော်လှန်ရေး)တွင်တစ်ချက်၊ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင်တစ်ချက်၊ ၂၀၁၄ ဖွဲ့စည်းပုံအ ခြေခံဥပဒေ ပုဒ်မ ၄၃၆ ပြင်ဆင်ရေးလက်မှတ်ရေးထိုး လှုပ်ရှားမှုတွင်တစ်ချက် ပါဝင်ပြသခဲ့ပြီးဖြစ်ပါ သည်။ ထပ်မံ၍ ရှင်းလင်းအောင် ပြောပါရစေ။ မြန်မာပြည်သူလူထုအများစုသည် စစ်အာဏာရှင် စနစ်ကို အလိုမရှိပါ။ စစ်အာဏာရှင်တို့၏ အဆွယ်အပွားပါတီများကို မနှစ်သက်ပါ။ စစ်တပ်နှင့်စစ် တပ်အသိုင်းအဝိုင်းသည် ၁၉၆၂ ခုနှစ်မှစကာ ယနေ့အချိန်အထိ အာဏာကို လက်မလွှတ်စတမ်း နည်းအမျိုးမျိုးနှင့် ချုပ်ကိုင်လာခဲ့သည်ဖြစ်ရာ တိုင်းပြည်သည် တိုးတက်သလား မတိုးတက်ဘူးလား၊ ပြည်သူတွေ ဆင်းရဲသလား ချမ်းသာသလားဆိုတာ ဝေးဝေးသွားမကြည့်ပါနှင့် ဈေးထဲမှာပင် အိမ် ရှင်မများကိုမေးကြည့်လျှင် အဖြေသိနိုင်ပါသည်။ အိမ်နီးချင်းနိုင်ငံများ၏ တစ်ဦးချင်းဝင်ငွေ၊ လုပ် အားခ၊ ပညာသင်ကြားနိုင်မှု၊ နိုင်ငံ၏ ဥစ္စာဓနေ၊ အခြေခံအဆောက်အဦတို့ကို နှိုင်းယှဉ်ကြည့်လျှင် သိ နိုင်ပါသည်။ တိုင်းပြည်ကို အရပ်သားပညာတတ်အစိုးရက အုပ်ချုပ်ပါမှ ကမ္ဘာ့အလယ်တွင် ရင် ပေါင်တန်းကာ တိုးတက်မှုအသီးအပွင့်များမြင်ရပေမည်။ သေနတ်ကိုင်ထားသောလူများ

အုပ်ချုပ်သည်ထက် LapTop ကိုင်ထားသော၊ ကွန်ပျူတာကိုင်ထားသော အရပ်သားပညာရှင်များ အုပ်ချုပ်တာက တိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်နိုင်ကြောင်း လီကွမ်ယုနှင့် ပညာတတ်အရပ်သားများ အုပ်ချုပ်ခဲ့သော စင်္ကာပူက သက်သေပြနေပါသည်။ ဗိုလ်ချုပ်ကြီးများသည် တိုင်းပြည်ကို ငြိမ်ဝပ်ပိပြားအောင်တော့ လုပ်နိုင်ပါလိမ့်မည်။ သို့သော် တိုးတက်ချမ်းသာအောင်တော့ မလုပ်နိုင်ကြောင်း မြန်မာ၊ မြောက်ကိုရီးယား၊ အီရတ်၊ ကျူးဘား၊ လစ်ဗျား၊ နိုင်ဂျီးရီးယားတို့က သက်သေ ပြနေပါသည်။ မြန်မာနိုင်ငံကို နှစ်ပေါင်းများစွာ အုပ်ချုပ်လာသော တပ်မတော်မျိုးဆက်တစ်ခုသည် စိတ်ကောင်းစေတနာကောင်းဖြင့် ဒီမိုကရေစီသဘောကိုလည်း လက်ခံသည့်အနေနှင့် ပြည်သူလူထုက ရွေးချယ်တင်မြှောက်သော အရပ်သားအစိုးရတစ်ရပ်ကို ၂၀၁၅ တွင် ရွေးချယ်ခွင့်ပေးတော့ မလားဟု တိုင်းသူပြည်သားများက မဲပေးရန် အားခဲနေကြပါသည်။ လက်ရှိတပ်မတော်ခေါင်းဆောင်(ဟောင်း)၊ လက်ရှိတပ်မတော်ခေါင်းဆောင် (သစ်)တို့သည် ပြည်သူလူထုက ရွေးချယ်မည့် အရပ်သားခေါင်းဆောင်တစ်ယောက်ကို လက်သင့်ခံခြင်းဖြင့် မြန်မာနိုင်ငံ၏ အလှည့်အပြောင်းကို လွတ်လွတ်လပ်လပ်ပုံဖော်ခွင့် ပေးကြစေချင်ပါသည်။ သို့သော် ၁၉၆၂ အာဏာရှင် မျိုးဆက်သည် (၅၂)နှစ်ကြာခဲ့ပြီဖြစ်သော်လည်း အပြောင်းအလဲကို မလိုလားသေးမှန်း စိတ်မကောင်းစွာ တွေ့နေ ရပါသည်။

၂၀၁၅ ရွေးကောက်ပွဲ၏ အောင်မြင်နိုင်စွမ်းကို တစိမ့်စိမ့်တွေးကြောက်လာသော အာဏာရ ပါတီနှင့် ထိပ်တန်းခေါင်းဆောင်များသည် ယခုထက်တိုင် တရားမရနိုင်သေးဘဲ အာဏာကိုဆုပ်ကိုင်ထားရန် ခြေလှမ်းပြင်သည်ကို စိတ်မကောင်းစွာ တွေ့နေရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ပတ်သက်သော အဆို၊ အနိမ့်ဆုံး လုပ်ခလစာသတ်မှတ်ရေးအဆို၊ တပ်မတော်မှ သိမ်းထားသော

လယ်ယာမြေများ ပြန်လည်ပေးအပ်ရေးအဆို၊ လွှတ်တော်အမတ်များကို တာဝန်မှ
ပြန်လည်ရုပ်သိမ်းနိုင်သော ဥပဒေပြဋ္ဌာန်းရေးအဆို၊
အစိုးရနှင့်လွှတ်တော်အမတ်များ၏ ပိုင်ဆိုင်မှု ဥစ္စာဓနများ
ဖော်ထုတ်ကြေညာရေးအဆို၊ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းရေးအဆိုများနှင့်ပတ်
သက်လျှင် နွေးကွေးလေးလံစွာဆောင်ရွက်လေ့ရှိသော လွှတ်တော်ကြီးသည် ၂၀၀၈
ဖွဲ့စည်းပုံအ ခြေခံဥပဒေရွေးကောက်တင်မြှောက်ခြင်းအခန်းကဏ္ဍတွင် မပါဝင်သော
အချိုးကျကိုယ်စားပြုစနစ် (PR စနစ်) ဖြင့် ပြောင်းလဲကျင့်သုံးရေး
အဆိုတင်သွင်းရာတွင်မူ သူမတူအောင် ဂျက်လေယာဉ်နှုန်းဖြင့်
ရှေ့သို့ချီတက်နေတာတွေ့ရပေသည်။ ထိုမြှုပ်ကွက်၏ နောက်ကွယ်တွင် ၂၀၁၅
ရွေးကောက်ပွဲ တွင် N.L.D ပါတီ မဲအများစုရကာ အစိုးရဖွဲ့ဖြစ်သွားမည်ကို
တားဆီးလိုသော ဆန္ဒက အဓိကနေ ရာမှ ပါနေကြောင်း ထမင်းစားသူမှန်သမျှ
စဉ်းစား၍ ရနေကြပေသည်။

အာဏာရှိသူများသာ ရိုးသားခဲ့ကြပါက
ထိုအချိုးကျကိုယ်စားပြုဟူသောစနစ်ကို ၂၀၁၀ ရွေး ကောက်ပွဲတွင်
ကြံ့ခိုင်ရေးပါတီမှ မဲဆန္ဒနယ်အတော်များများတွင် နိုင်ခဲ့စဉ်က
ကျင့်သုံးဖို့ အဘယ့်ကြောင့် တစ်ခွန်းမှမဟဘဲ ယခုမှ ကယောင်ကတမ်းဖြင့်
ဖုတ်ပူမီးတိုက်ပွဲထုတ် လာသနည်း။

ရှုံးတော့မည်မှန်းသိ၍ ကစားပွဲတွင် စည်းမျဉ်းကိုပြင်ခြင်းလော။
စာမေးပွဲတွင် အမှတ် (၄၀) ရမှ မသေချာတော့သောအခါမှ အောင်မှတ်မှာ (၁၀)
မှတ်ရလည်း အောင်သည်ဟု ပြင်ဆင်သတ် မှတ်ခိုင်းခြင်းကား
ကိုယ့်အရည်အချင်းကို ကိုယ်ဖော်ရာရောက်နေပေ၏ ။ အမှန်စင်စစ် ကိုယ့်တုန်း က
ရဲရဲကြီးအလှည့်ယူခဲ့သလို အရပ်သားများအာဏာရလာမှာကိုလည်း
ရဲရဲကြီးအလှည့်ပေးသင့်ပါ သည်။ စစ်တပ်ကိုယုံလျှင် လူတွေက
စစ်တပ်ကိုမဲပေးမည်၊ ကြံ့ခိုင်ရေးပါတီကိုယုံလျှင် လူတွေက ကြံ့ခိုင်ရေးကို မဲပေးမည်၊

NLD ကိုယုံလျှင် NLD ကို မဲပေးမည်၊ ရခိုင်ပါတီကိုယုံလျှင် ရခိုင်ပါတီကို မဲပေးမည်၊ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်ကိုယုံလျှင် ရှမ်းကိုမဲပေးမည်။ သူ့မဲဆန္ဒနယ်မြေ တွင် သူ့ကိုယ်စားလှယ်ကို သူ့ပြည်သူတွေက ရွေးချယ်ခြင်းစနစ်ဟောင်းသည် ဘာမှအပြစ်ဆိုဖွယ် ရာကြီးကြီးမားမားမရှိ။ လူကြိုက်နည်း၍ ရှုံးရသူတစ်ယောက် ပြုတ်ကျန်နေခြင်းသည် ဘာမှဝမ်းနည်းနေစရာမလို။ PR စနစ်အရဆိုလျှင် အမတ်လောင်းကို ရွေးကောက်ခွင့်မရဘဲ ပါတီကိုသာရွေး ချယ်ခွင့်ရတော့မည်။ တစ်ဖန် ပါတီကမှ မဲအချိုးအစားရရှိမှုကိုမူတည်၍ လွှတ်တော်တက်မည့်ကိုယ်စားလှယ်ရွေးပေးရမည်ဖြစ်ရာ လူတော်များကို တိုက်ရိုက်ရွေးခွင့် နည်းသွားမည်ဖြစ်သည်။

ကိုယ့်မဲဆန္ဒနယ်ကို ကိုယ်စားပြုသည့် အမတ်က ဘယ်သူမှန်းပင်မသိရသဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှု နည်းသွားမည့်စနစ်၊ မည့်သူ့အဖေခေါ်ရမှန်းမသိသည့်စနစ် ဖြစ်ပေလိမ့်မည်။ နဂိုက တည်းကမှ လွှတ်တော်တွင် တပ်မတော်မှ (၂၅)ရာခိုင်နှုန်းနေရာယူထားပြီးဖြစ်ရာ ကျန်သော(၇၅) ရာခိုင်နှုန်းအတွက်သာ ပြုလုပ်မည့် ရွေးကောက်ပွဲတွင် ထပ်မံ၍ ရာခိုင်နှုန်းစနစ်ဖြင့် ခွဲခြမ်းစိတ်ဖြာ နေဦးမည်ဆိုပါက အားကောင်းသောအစိုးရတစ်ရပ် ဖြစ်ပေါ်မလာတော့ဘဲ ညွှန့်ပေါင်းအစိုးရဖြစ်ပေါ်လာပေသည်။ ထိုအခါ အစိုးရအဖွဲ့ထဲတွင် တစ်ဖွဲ့ကို တစ်ဖွဲ့ ကန့်လန့်တိုက်နေကြတာနှင့် နောက်ထပ် (၅)နှစ် တိုင်းပြည်မှာ ရေစုန်မျောပေဦးမည်။

အံ့ဩစရာကောင်းသည်မှာ အမျိုးသားလွှတ်တော်တွင် PR စနစ်ကိုကျင့်သုံးရေးအဆိုကို NDF ပါတီမှ ဒေါ်ခင်ဝိုင်းကြည်က စတင်အဆိုတင်သွင်းစဉ်က တိုင်းရင်းသားလွှတ်တော်ကိုယ်စား လှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ တပ်မတော်

သားလွှတ်တော်ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း ကန့်ကွက်မဲပေးခဲ့ကြသည်ကို တွေ့ခဲ့ရသည်။ PR ရွေးကောက်ပွဲစနစ်ကို ထောက်ခံသူမှာ ကြံ့ခိုင်ရေးပါတီဝင်များနှင့် N.D.F ပါတီ ဝင်များသာ ရှိခဲ့သည်။ သို့သော် ထိုအဆိုကိုပင် ဇူလိုင်လ (၂၄)ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ၌ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသား လွှတ်တော်မှာ ဆန္ဒမဲခွဲစဉ်တုန်းကလို ဆန့်ကျင်ကန့်ကွက်မှုမပြုတော့ ထောက်ခံမဲပေးခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မဲ ပေးခဲ့ကြသည်။ ကန့်ကွက်မဲ (၄၂)မဲရှိပြီး တိုင်းရင်းသားကိုယ်စားလှယ် (၂၀)ဦးခန့်က PR အဆိုကို ကန့်ကွက်သောအားဖြင့် ထိုနေ့တွင် လွှတ်တော်သို့မလာရောက်ကြောင်း ပြောကြားခဲ့သည်။ ဤ နေရာ၌ သဘောထားပြောင်းသွားသော တပ်မတော်သားကိုယ်စားလှယ်များ၏ ရပ်တည်မှုမှာ အံ့အားသင့်ဖွယ်ဖြစ်သည်။ အမျိုးသားလွှတ်တော်မှ တပ်မတော်သားများက PR ကိုဆန့်ကျင် သည်။ ရက်အနည်းငယ်ကြာသောအခါ ပြည်သူ့လွှတ်တော်တွင် တပ်မတော်သားများက PR ကို ထောက်ခံသည်။ အဘယ်ကြောင့် သူတို့ ဘက်ပြောင်းသွားသနည်း။ တစ်ခုပဲရှိသည် ကြံ့ခိုင်ရေးပါတီ ခေါင်းဆောင်များနှင့် တပ်မတော်ကာချုပ်တို့ လူမသိသူမသိ တွေ့ဆုံညှိနှိုင်းမှု တစ်ခုလုပ်လိုက်သည့် သဘောဖြစ်သည်။ PR စနစ်ကြောင့် မဲများပြန့်ကျဲသွားလျှင် တပ်မတော်မှ ရွေးချယ်လိုက်သော သမ္မတလောင်းသည် သမ္မတဖြစ်ဖို့ လမ်းစများသည်ဟူသော အကြောင်းပြချက်က တပ်မတော်၏ ထောက်ခံချက်ကို ရရှိနိုင်ဖို့ မက်လုံးတစ်ခုဖြစ်လာနိုင်ပေသည်။ ထိုအကြောင်းကြောင့်ပင် တပ်မတော်သည် စိတ်ပြောင်းကာ PR စနစ်ကျင့်သုံးမည့်အဆိုကို ကန့်ကွက်မှုရုပ်သိမ်းခဲ့ခြင်းဖြစ် ဟန်တူပေသည်။ တပ်မတော်သည် အရပ်သားသမ္မတ၏ ဩဇာကို နာခံလိုပုံမပေါ်ပေ။ ၂၀၀၈ အ ခြေခံဥပဒေအရ လုပ်ပိုင်ခွင့် လွှန်လွှန်ကျူးကျူးရထားသော ကာကွယ်ရေးဦးစီးချုပ်သည် စစ်ဗိုလ် ချုပ်ဟောင်းမှ

သမ္မတဖြစ်လာသူ ဦးသိန်းစိန်အမိန့်ကိုပင် နာခံသူမဟုတ်ဟု အချို့ကသုံးသပ်နေကြရာ အရပ်သားတစ်ယောက် သမ္မတဖြစ်လာမည်ကို လိုလားမည်မဟုတ်ချေ။ ထို့ကြောင့်ပင် ကြံ့ခိုင်ရေးနှင့် တပ်မတော်မှပုလင်းတူ ဘူးဆို့ပေါင်းစည်းကာ ပီအာစနစ်တွင် ထောက်ခံလိုက်ခြင်းဖြစ်ဟန် တူပေသည်။ တစ်နည်းအားဖြင့် အရပ်သားအစိုးရ တက်လာနိုင်မည့်လမ်းကြောင်းကို ပူးပေါင်းပိတ် ဆို့လိုက်ခြင်းဟုဆိုလျှင် ဆိုနိုင်ပါ၏ ။ မြန်မာ့နိုင်ငံရေးတွင် အရပ်သားများကို အလှည့်မပေးဘဲ စစ်ဗိုလ်ချုပ်ဟောင်းများ စစ်ဗိုလ်ချုပ်လက်ရှိများသာ ကြီးစိုးလွှမ်းမိုးထားရေးမူဝါဒ၊ တစ်နည်းပြောရလျှင် လူမပြောင်း မူမပြောင်း ရှေ့သို့ ချီမည့်လမ်းကြောင်းကို ချပြလိုက်ခြင်းဖြစ်သည်။

တိုင်းပြည်အနာဂတ်အတွက် လူရွေးသောအခါ အကြိမ်ကြိမ်လူကြိုက်နည်းခဲ့သောအဖွဲ့ကို တော့ အစားထိုးပြောင်းလဲမှ ကောင်းပေလိမ့်မည်။ သို့သော်လည်း ထိုသို့ပြောင်းလဲမှုသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ဦးတည်ကာ ပြောင်းလဲမည်လား။ ကျွန်တော်တို့မြို့မှ ကိုမှုန်ကြီး ဘော်လီဘောအသင်းလူရွေးသလို “ဒီနှစ်တော့ ငါရယ်…”ဆိုသော ငါမပါဘယ်အခါမှမပြီး စစ်ဝါဒပဲ ခေါင်းထောင်လာဦးမှာလားဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပါကြောင်း။

**News Watch ဂျာနယ်**

**၅.၈.၂၀၁၄**

*